# နေပြည်တော်ယဉ်ကျေးလိမ္မာစင်တာ
# www.dhammatrainingcenter.com
# Video Conferencing စနစ်ဖြင့် သင်ကြားပို့ချသည့်
# ဗုဒ္ဓဝင်သင်ခန်းစာမှ ကောက်နုတ်ချက်

## ၂။ သန္ဓေတော်ယူတော်မူခြင်း

<u>ကြည့်ခြင်းကြီးငါးပါး</u>

၁။ <u>ကာလ (အခါကာလ)</u>

လူတို့၏သက်တမ်း အနှစ်တစ်သိန်းတမ်းအောက်၊ အနှစ်တစ်ရာအထက်၌သာ ဘုရားဖြစ်ဖို့ရန် အချိန်အခါဖြစ်သည်။

၂။ <u>ဒီပ (ကျွန်း)</u>

ကျွန်းကြီး(၄)ကျွန်းတွင် ဇမ္ဗူဒီပခေါ် တောင်ကျွန်း၌သာ ဘုရားပွင့်ရိုးရှိ၏။

၃။ <u>ဒေသ (အရပ်)</u>

တောင်ကျွန်းတွင်လည်း "မဇ္ဈိမဒေသ"ခေါ်သော အိန္ဒိယတိုင်း၌သာ ဘုရားပွင့်ရိုးရှိ၏။

၄။ <u>ကုလ (အမျိုး)</u>

မဇ္ဈိမဒေသတွင်လည်း ခတ္တိယ (မင်း) မျိုး (သို့မဟုတ်) ဗြဟ္မဏ(ပုဏ္ဏား)မျိုးတို့၌သာ ဘုရားဖြစ်ရိုးရှိ၏။

၅။ <u>မာတုအာယုပရိစ္ဆေဒ (မယ်တော်၏ အသက်အပိုင်းခြား)</u>

မယ်တော်ဖြစ်မည့်သူသည် သီလစင်ကြယ်သူဖြစ်၍ ဘုရားအလောင်းတော် ဖွားပြီးနောက် (၇) ရက်ကြာလျှင် နတ်ရွာစံရလောက်သော အသက်ရှိရမည်။

ပုဗ္ဗနိမိတ်ကြီး (၃၂)ပါး

၁။ တစ်သောင်းသောစကြာဝဠာတိုက်တို့၌ မနိုင်းယှဉ်နိုင်သော အလင်းရောင်ကြီးပျံ့နှံ့၏။

၂။ မျက်စိနှစ်ကွင်း အလင်းမရနေခဲ့ကြရသောသူတို့သည် ထိုခဏ၌ မြင်ကြကုန်၏။

၃။ နားပင်းကုန်သောသူတို့သည်လည်း နားအပင်းပျောက်ကာ အသံကို ကြားကြကုန်၏။

၄။ စကားမပြောနိုင်သောသူတို့သည် ထိုခဏ၌ စကားပြောလာကြကုန်၏။

၅။ ကုန်း-ကွ-ကောက်-ခွင်သော ကိုယ်ရှိသောသူတို့သည် ထိုခဏ၌ ဖြောင့်မတ်သော ကိုယ်ရှိကြကုန်၏။

၆။ ခြေဆွံ့သောသူ (မသွားနိုင်သူ)တို့လည်း ထိုခဏ၌ ကောင်းစွာ သွားလာနိုင်ကြကုန်၏။

၇။ နှောင်ဖွဲ့ခြင်းခံလျက် ရှိကြကုန်သော သူတို့သည်လည်း ထိုခဏ၌ အနှောင်အဖွဲ့အမျိုးမျိုးတို့မှ ကျွတ်လွတ်ကြကုန်၏။

၈။ အလုံးစုံသော ငရဲဘုံတို့၌ ငရဲမီးငြိမ်းအေး၏။

၉။ ပြိတ္တာဘုံ (ပြိတ္တာလောက)၌ ဆာလောင်ခြင်း၊ ရေသိပ် (ရေငတ်)ခြင်း ကင်းစဲငြိမ်းအေး၏။

၁၀။ တိရစ္ဆာန်တို့အား ဘေးရန် တစ်စုံတစ်ရာမျှမရှိ။
(ဘေးရန်ခပ်သိမ်းမှ လွတ်ငြိမ်းကြရကုန်၏)

၁၁။ ရောဂါရှိသောသတ္တဝါခပ်သိမ်းတို့ ထိုရောဂါဟူသမျှတို့မှ လွတ်ငြိမ်းပျောက်ကင်းကြကုန်၏။

၁၂။ သတ္တဝါခပ်သိမ်းတို့သည် တစ်ဦးနှင့်တစ်ဦး ကြည်နူးချစ်ခင်ဖွယ်ရာစကားကိုသာ ပြောဆိုကြကုန်၏။

၁၃။ မြင်းတို့သည် ချိုမြိန်သာယာစွာသောအခြင်းအရာဖြင့် ရွှင်လန်းမြူးတူးစွာ ဟီကြကုန်၏။

၁၄။ ဆင်တို့သည် ချိုမြိန်သာယာစွာသော အခြင်းအရာဖြင့် မြည်ကြကုန်၏။

၁၅။ စည်း၊ စောင်း ညှင်းစသော တူရိယာမျိုးခပ်သိမ်းတို့သည် မတီးမမှုတ်အပ်ပါပဲလျက် မိမိတို့အလိုလို မိမိတို့ မြည်မြဲသောအသံကို ရင့်သီကျူးမြည်ကြကုန်၏။

၁၆။ လူတို့၏ လက်ကောက်၊ ခြေကျဉ်း အစရှိသောအဆင်တန်ဆာတို့သည် တစ်ခုနှင့်တစ်ခု မထိမခိုက်မိကြပဲလျက် အလိုအလျောက် အသံမြည်ကုန်၏။

၁၇။ အလုံးစုံသော အရပ်မျက်နှာရှုမြင်ကွင်းတို့သည် သန့်ရှင်းကြည်လင်ကြကုန်၏။

၁၈။ သတ္တဝါတို့အား အေးမြချမ်းသာခြင်းကို ဖြစ်စေလျက် နူးညံ့သိမ်မွေ့သော လေပြေလေညှင်းတို့သည် ဖြည်းညှင်းသာယာ တိုက်ခတ်လာကုန်၏။

၁၉။ အခါမဲ့မိုးကြီး ရွာသွန်းလာ၏။

၂၀။ မဟာပထဝီမြေကြီးမှလည်း ရေတို့သည် အလိုလိုစိမ့်ထွက်ကာ ထိုထို၌ စီးသွားလေ၏။

၂၁။ ငှက်အများ ကောင်းကင်၌ ပျံသန်းခြင်း မပြုကြ။

၂၂။ တသွင်သွင် အစဉ်မပြတ် စီးဆင်းမြဲဖြစ်သော မြစ်ရေအယဉ်တို့သည် ပကတိ ရပ်တန့်ငြိမ်သက်၍ နေကုန်၏။

၂၃။ မဟာသမုဒ္ဒရာ၌ ပကတိငန်သည့်အရသာရှိသည့် ရေတို့သည် ထိုခဏ၌ ချိုမြိန်၍လာပေ၏။

၂၄။ အလုံးစုံသောအရပ်မျက်နှာတို့၌ အဆင်းသုံးဖြာ ကြာမျိုးငါးပါးတို့ ဖြန့်လွှား ဖုံးလွှမ်းလျက် ရှိကုန်၏။

(ရေကန်ရေအိုင်တိုင်း ကြာမျိုးငါးပါးဖြင့် ဖုံးလွှမ်းအပ်သော ရေမျက်နှာ ပြင်ရှိ၏။)

၂၅။ အလုံးစုံသော ကြည်းပန်း (ကုန်းပန်း), ရေပန်းတို့သည် ထိုခဏ၌ တပြိုင်နက် ပွင့်ကြကုန်၏။

၂၆။ သစ်ပင်တို့၏ ပင်လုံးပင်စည်တို့၌ ပင်စည်ပန်းတို့ အဆန်းတကြယ် ပွင့်ကြကုန်၏။

၂၇။ သစ်ပင်တို့၏အခက်တို့၌ အခက်ပန်းတို့ အဆန်းတကြယ် ပွင့်ကြကုန်၏။

၂၈။ သစ်ပင်တို့၏အနွယ်တို့၌ အနွယ်ပန်းတို့ အဆန်းတကြယ် ပွင့်ကြကုန်၏။

၂၉။ အရိုးတံပန်းတို့သည်လည်း ကုန်းမြေတခွင် ကျောက်ဖျာအပြင်တို့ကို ဖောက်ထွင်းကာ ခုနစ်ဆင့်၊ ခုနစ်ဆင့်ဖြစ်၍ ပွင့်ထွန်းပေါ်ထွက်လာကုန်၏။

၃၀။ ကောင်းကင်၌ ပဒုမ္မာကြာပန်းတို့သည် အောက်သို့တူရှု မျက်နှာမူလျက် တွဲရရွဲဆွဲကြကုန်၏။

၃၁။ အရပ်ထက်ဝန်းကျင်မှ ပန်းမိုးတို့ တဖြိုးဖြိုး ရွာသွန်းကုန်၏။

၃၂။ ကောင်းကင်၌ နတ်ဖြစ်တူရိယာတို့သည်လည်း မတီးမမှုတ်ရပဲ အလိုအလျောက် အသံမြည်ကုန်၏။

<u>ပုဗ္ဗနိမိတ်ကြီး (၃၂)ပါး ထင်ရှားဖြစ်ပေါ်ချိန်များ</u>

၁။ ပဋိသန္ဓေ နေတော်မူသောအခါ။

၂။ ဖွားမြင်တော်မူသောအခါ။

၃။ ဘုရားဖြစ်တော်မူသောအခါ။

၄။ ဓမ္မစကြာတရားဦး ဟောတော်မူသောအခါ။

* ကျမ်းညွှန်း

၁။ မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင်ဒုတိယတွဲ

၂။ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ဘုရားအဖြစ်တော်စဉ် ဗုဒ္ဓဝင်အမေးအဖြေ